"စည်းရုံးလှုံ့ဆော်ပွဲ စည်းခြင်းမရှိသော အစီအစဉ်တစ်ခုသည်
လှည့်ကွက်တစ်ခုသာဖြစ်သည်"

ဂျွန်ဂတ်နာ (Common Cause ကို တည်ထောင်သူ)

သတင်းလွှာကို ဖတ်ရှုလိုပါက အောက်ပါလိပ်စာသို့လိပ်မူပြီး သင်၏လိပ်စာအပြည့်အစုံကို ဖော်ပြ၍ အခမဲ့မှာယူနိုင်ပါသည်။ သင့်ဖက်က အကြံပြုခြင်း၊ စာမူပေးပို့ခြင်း (ဗလာစာရွက်တစ်မျက်နှာတွင်သာ ရေးရန်) များပြုလုပ်နိုင်ပါကြောင်း ဖိတ်ခေါ်လိုပါသည်။


Green Memo (အစိမ်းရောင်မှတ်စု)
၆ (က) ဦးရွှေနုလမ်း၊ ခဝဲခြံ (ဘုရင့်နောင်စာတိုက်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၅၀၈၅၆။


(member only)



# GREEN MEMO
# အစိမ်းရောင်မှတ်စု


အမှတ် (၁) ဖေဖော်ဝါရီလ ၂၀၀၇


မီဒီယာသည် လူထုအကျိုးကိုဖော်ဆောင်ရန် အဓိကတာဝန်ရှိပါသည်။ တိုင်းပြည်၏ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးကိစ္စများသည် မဖြစ်မနေအာရုံပြုရမည့် ကိစ္စရပ်များဖြစ်လာနေသည်။ သတင်းအချက်အလက်များသည် ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်အရေးတို့နှင့် စပ်ဆိုင်သည့်သတိပြုရမည့် ကိစ္စရပ်များကို လူအများ အလေးထားလာကြစေရန် အထောက်အကူပြုလျက်ရှိပါသည်။ အစိမ်းရောင်မှတ်စုသည် သတိပြုသင့်သည်ဟုယူဆသော သတင်းမှတ်စု၊ ဖွံ့ဖြိုးရေးအတွေးအမြင်၊ ဒေသတွင်း မျိုးစေ့ထိန်းသိမ်းရေးနှင့် ဘဝအတွက် တည်ဆောက်စရာအတွေးစုများကို မှတ်သားထားသမျှ နှစ်လတစ်ကြိမ်တင်ပြသွားပါမည်။

## သတင်းမှတ်စုများ

### စိုက်ပျိုးရေးနှင့်ပတ်သက်၍

"မည်သည့် စိုက်ပျိုးရေးသုံး ဓာတုဆေးမဆို လူနှင့်သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ရှိနိုင်တဲ့အတွက် စနစ်တကျ သတိထားသုံးစွဲသင့်တယ်"

"လူသောက်တဲ့ဆေး စနစ်တကျမသုံးရင် လူတစ်ယောက်တည်းအတွက်ပဲ အန္တရာယ်ရှိပြီး ပိုးသတ်ဆေးစနစ်တကျမသုံးရင်တော့ ကိုင်တွယ်သုံးစွဲသူ၊ ဆေးဖျန်းသီးနှံကို စားသုံးသူနှင့် ကျန်တဲ့ပတ်ဝန်းကျင်အတွက်ပါ အန္တရာယ်ရှိတာကြောင့် ပေါ့ပေါ့ဆဆမသုံးသင့်ပါဘူး"

***(ကုမုဒြာ ၁၂-၁-၂၀၀၇)***

''တောင်သူများအနေဖြင့် ဓာတ်မြေဩဇာထက် သဘာဝမြေဩဇာကိုသုံးစွဲရန် ပိုမို စိတ်ဝင်စားလာ''ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ဖတ်ရတယ်။ တောင်သူတွေ သဘာဝဓာတ်မြေဩဇာကို ရွေးချယ်ဖို့ စိတ်ဝင်စားလာရတဲ့အကြောင်းရင်းကတော့ ဓာတ်မြေဩဇာသုံးရာမှာ (၁) အတုတွေရှိတယ် (၂) အရည်အသွေးမကောင်းလို့ဖြစ်တယ်။ ဒါ့အပြင် တောင်သူတွေဟာ Organic ထွက်ကုန်တွေရဲ့ အရည်အသွေးနဲ့ ဈေးနှုန်းတွေကို စိတ်ဝင်စားလာကြတာကြောင့်ဖြစ်တယ်ဆိုတာ ဖော်ပြထားပါတယ်။

*(Weekly Eleven, ၁၀-၁-၂၀၀၇)*

''မြေကို အနားမပေးဘဲ သီးနှံတစ်မျိုးတည်း ထပ်ကာထပ်ကာ နှစ်စဉ်ဆက်စိုက်တယ် ဆိုရင် မြေဆီလွှာအဆင့်အတန်းနိမ့်ကျသွားလေ့ရှိတယ်။ ကမ္ဘာ့မြေထုကိုအပေါ်ယံမှာ မြေဆီလွှာပါးပါးနဲ့ ဖုံးအုပ်ထားပြီး အပေါ်ယံမြေဆီလွှာမရှိရင် စိုက်ပျိုးရေးလုပ်လို့မဖြစ်နိုင်ဘူး''

''ရှေးတုန်းကတော့ အကျိုးပြုပိုးနဲ့ ဖျက်ပိုးက balance (မျှတ) ဖြစ်နေတယ်။ အခုတော့ မျိုးတူသီးနှံ ဆက်ကာဆက်ကာစိုက်တာများတော့ ဖျက်ပိုးက အားပိုသာလာတယ်''

''အပင်တွေမှာ သူ့အုပ်စုနဲ့သူရှိကြတယ်။ အုပ်စုမတူတဲ့အပင်ချင်း မြေဆီလွှာက အာဟာရဓာတ် စုပ်ယူစားသုံးပုံချင်းလည်း ခြားနားတယ်။ ဒါကြောင့် သီးနှံအမျိုးအစားမတူတာတွေ ပြောင်းလဲဖို့လိုတာဖြစ်ပါတယ်''

''ဆေးကုမ္ပဏီတွေက စိုက်ပျိုးရေးအသိပညာပေးတာ ကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တယ်။ ကိုယ့်ပိုးသတ်ဆေးနဲ့ မြေဩဇာပဲ အတင်းရောင်းပြီး အသိပညာမပေးလို့ မြေဆီလွှာတွေ ပျက်သွားပြီဆိုရင် စိုက်ပျိုးရေးလည်းသွားမှာ၊ စိုက်ပျိုးရေးဆေးကုမ္ပဏီတွေလည်းဂျောင်းမှာပဲ''

*(ကုမုဒြာ ၁၉-၁-၂၀၀၇)*

## ဒေသတွင်းမျိုးစေ့ထိန်းသိမ်းရေး

ခိုးယူမှုအမျိုးမျိုးရှိရာမှာ ပြည်တွင်းက ထွက်ရှိတဲ့အပင်မျိုးစေ့ခိုးယူခြင်းကို ကာကွယ်ဖို့ မီဒီယာများက သတိပေးလာကြပါပြီ။ ''အဖိုးတန်သစ်များ၊ အပင်မျိုးစိတ်များပေါက်ရောက်ခြင်းမရှိသည့်နိုင်ငံတချို့က အဖိုးတန်သစ်များ၊ အပင်များ ပေါက်ရောက်သည့်နိုင်ငံများမှ ၎င်းအပင်မျိုးစေ့တို့ကို ခိုးယူကြသည့်အပြင် စီးပွားဖြစ်ရောင်းချခြင်းများ ပြုလုပ်ကြသဖြင့် ကာကွယ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားသင့်ကြောင်း လေ့လာသူများကသုံးသပ်သည်။

*(WeeklyEleven ဂျာနယ် ၁၀-၁-၂၀၀၇)*



အစိမ်းရောင်တော်လှန်ရေးရဲ့ရည်ရွယ်ချက်က ငွေရသီးနှံများစိုက်ပျိုးပြီး လယ်သမားရဲ့ဘဝကိုမြှင့်တင်ဖို့ဖြစ်တယ်။ မိသားစုဝမ်းစာဖူလုံရေးထက် ဈေးကွက်တင်နိုင်ရေးကို ဦးစားပေးတယ်။ ဒေသမျိုးရင်းထက် ပြည်ပကနေ အဆင့်မြင့်နည်းပညာနဲ့ပြုပြင်ထားတဲ့မျိုးစေ့တွေကို အသုံးပြုစေတယ်။ ပြည်ပမျိုးစေ့ဟာအထွက်နှုန်းတိုးစေတယ်၊ ထွက်ရှိလာတဲ့သီးနှံလည်းလှပတယ်။ ရောင်းပန်းလှတာပေါ့။ သို့ပေမယ့် အာဟာရဖြစ်မှုမှာတော့ ဒေသမျိုးရင်းကိုစိုက်လို့ထွက်လာတဲ့ သီးနှံတွေကပိုပါတယ်။ အထွက်သိပ်မများဘူး၊ ပြည်ပကိုတင်ပို့တဲ့နေရာမှာ အရောင်အသွေး၊ အနာအဆာပိုင်းစိတ်တိုင်းမကျကြဘူး။ အမြင်လှဖို့ထက် အာဟာရဖြစ်ဖို့ အဓိကထားတာကိုး။

ဝမ်းနည်းစရာကောင်းတာကတော့ အစိမ်းရောင်တော်လှန်ရေးကြောင့် အိန္ဒိယနိုင်ငံမှာ ဒေသရင်းမျိုးစေ့ကိုသုံးပြီး သဘာဝအတိုင်းစိုက်ပျိုးတဲ့ လယ်ယာစိုက်ခင်းတွေဟာ ၁၉၆၀ ခုနှစ်ကနေတဖြည်းဖြည်းလျော့ကျလာလိုက်တာ တစ်နိုင်ငံလုံးရဲ့အတိုင်းအတာအရ ၂၀ ရာခိုင်နှုန်းလောက်ပဲကျန်ရှိပါတော့တယ်။

ဒေသရင်းမျိုးစေ့တွေကို ကာကွယ်ပြီး၊ သဘာဝမြေဩဇာကိုပဲသုံးပြီးစိုက်ပျိုးရေးကို ရိုးရာနည်းအတိုင်း ဆက်လက်ထိန်းသိမ်းနေကြသူများကတော့ အိန္ဒိယအမျိုးသမီး လယ်သမားများပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ငွေရသီးနှံတွေကိုဦးစားပေးစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာပျက်စီးတာ၊ ကြွေးနွံထဲနစ်နေတာတွေကြုံတွေ့ခဲ့ရလို့ပါပဲ။ အဆိုးဆုံးကတော့ မိသားစုဝမ်းစာဖူလုံရေးအတွက်တောင် မသေခြာလှတဲ့ဘဝကိုရောက်သွားကြလို့ဖြစ်ပါတယ်။

မိမိဒေသနဲ့ကိုက်ညီပြီးသား ခံနိုင်ရေရှိပြီးသား ဒေသရင်းမျိုးစေ့ကိုပဲပြန်စုဆောင်းပြီး စိုက်ပျိုးရေးကိုပြုလုပ်လာကြပါပြီ။ အကျိုးရလဒ်ကတော့ ငွေများများမဝင်ပေမယ့် မိသားစုဝမ်းစာဖူလုံရေးကို စိတ်ချနိုင်ကြပြီ၊ အကြွေးနွံထဲကိုပြန်ကျဖို့လည်းမစိုးရိမ်ရတော့ဘူး၊ နဂိုကတည်းကိုက ဇာတိရင်းမျိုးစေ့များဖြစ်လို့ ရာသီဥတုကိစ္စကိုလည်းသိပ်မစိုးရိမ်ရဘူး။ ရှိတဲ့ လယ်ကွက်လေးမှာ တစ်ရာသီပြီး တစ်ရာသီသီးနှံအမျိုးမျိုးကို ရာသီအလိုက်စိုက်ပျိုးနိုင်လို့ အလုပ်လက်မဲ့ဘဝကိုလည်း မရောက်ရတော့ဘူး။

အိန္ဒိယနိုင်ငံရဲ့အတွေ့အကြုံဟာ စိုက်ပျိုးရေးအခြေပြုနိုင်ငံများအတွက် သင်ခန်းစာပါပဲ။ ဒါကြောင့် မျိုးစေ့ထိန်းသိမ်းကာကွယ်ရေးကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာကြတာဖြစ်ပါတယ်။

*ကိုးကားစာအုပ်*

Fruits of Diversity, Global Justice and Traditional Knowledge, EED.

## မျိုးစေ့ထိန်းသိမ်းကာကွယ်ရေးမှတ်စု

မျိုးစေ့ထိန်းသိမ်းကာကွယ်ရေးနဲ့ပတ်သက်လို့ သတင်းမီဒီယာများမှာ အလေးပေးဖော်ပြလာကြတာတွေ့ရပါတယ်။ ဘာကြောင့်မျိုးစေ့ထိန်းသိမ်းကာကွယ်ရေးလုပ်ရတာလဲ၊ ဘယ်လိုအကျိုးကျေးဇူးတွေရှိသလဲ ဆိုတာစဉ်းစားစရာပါပဲ။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက အတွေ့အကြုံကတော့ အကောင်းဆုံးဥပမာတစ်ရပ်ပါပဲ။

အိန္ဒိယနိုင်ငံမှာ ၁၉၆၀ ဝန်းကျင်လောက်က အစိမ်းရောင်တော်လှန်ရေးဆိုပြီး စိုက်ပျိုးရေးလုပ်ငန်းတွေကိုခေတ်မီတိုးတက်အောင်လုပ်ခဲ့ပါတယ်။ စေတနာမှန်နဲ့ လုပ်တာဖြစ်ပေမယ့် လူနည်းစုအတွက်ပဲအကျိုးဖြစ်ထွန်းခဲ့ရတယ်။ လူများစုဖြစ်တဲ့ဒေသခံလယ်သမားတွေကတော့ ပိုပြီးဆင်းရဲတွင်းနက်ခဲ့ကြရတယ်။

မျိုးရိုးဗီဇပြုပြင်ထားတဲ့ အထွက်ကောင်းမျိုးစေ့တွေကို အစိုးရကတစ်ဆင့် ရောင်းချတယ်။ လိုအပ်တဲ့ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာတွေကို ထောက်ပံ့ပေးတယ်။ လိုအပ်တဲ့ ချေးငွေတွေကိုလည်းချပေးတယ်။ ပျော်စရာကြီးပါ။ သို့ပေမယ့် သီးနှံစျေးနှုန်း မတည်ငြိမ်ခြင်း၊ ရာသီဥတုမမှန်ခြင်း၊ ငွေရှင်ကြေးရှင်များတို့ရဲ့ လွှမ်းမိုးခြင်းများကြောင့် ဆင်းရဲသားလယ်သမားအများစုဟာ အကျိုးအမြတ်မခံစားကြရတဲ့အပြင် ပိုပြီးဒုက္ခတွေ့ကြပါတော့တယ်။





Organic Farming ဆိုသည်မှာ

စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် ကုန်ပစ္စည်းများအား ဓာတုဗေဒပစ္စည်းများ၊ ပိုးသတ်ဆေးများအသုံးမပြုဘဲ စတင်စိုက်ပျိုးမွေးမြူသည်မှ ထုပ်ပိုးသည်အထိ သဘာဝအတိုင်း ထုတ်လုပ်သည့်စနစ်ဖြစ်သည်။

## တွေးစရာမှတ်စုများ

### နိုင်ငံ့သားကောင်း

သူငယ်ချင်းဖြစ်သူ ဆရာဝန်တစ်ယောက်က ကမ္ဘာလှည့်ခရီးသွားဆရာဝန်အဖွဲ့တစ်ဖွဲ့နဲ့ဆုံတွေ့ခဲ့တယ်။ ဧည့်သည်ဆရာဝန်တွေက မြန်မာနိုင်ငံရဲ့ HIV/AIDS ရောဂါကူးစက်ပျံ့နှံ့မှုနဲ့ ကာကွယ်မှုအနေအထားကို မေးမြန်းကြရာမှာ သူငယ်ချင်းဆရာဝန်က အဲဒီအကြောင်းတွေကို မဆွေးနွေးချင်ဘူးလို့ငြင်းပယ်ခဲ့တယ်။ ဒါကို ပြန်ကြားရတဲ့စာရေးသူအောင်ထွဋ်က ''တာဝန်ယူတတ်သော နိုင်ငံသားများများလိုသည်'' ခေါင်းစဉ်နဲ့ ဆောင်းပါးအတိုတစ်ပုဒ်ကို Living Color မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၇ ထုတ်ထဲမှာ ရေးသားလိုက်ပါတယ်။

''ရုတ်တရက်ကြည့်လျှင် ကြောက်တတ်ခြင်းသည် အန္တရာယ်ကင်းသည်ဆိုသော်လည်း နိုင်ငံသားတစ်ဦးအနေနှင့် တာဝန်မဲ့ခြင်းသာဖြစ်သည်ဟု စာရေးသူယူဆသည်။ အဓိကအရေးကြီးသည်မှာ မိမိဘက်ကဆွေးနွေးပြောဆိုမှုများ ပညာရှင်ပီသပြီးတရားမျှတမှုရှိဖို့သာလျှင်ဖြစ်သည်ဟု စာရေးသူထင်သည်။ ယခုကဲ့သို့ကန့်လိုက်ခြင်းသည် ဤကိစ္စနှင့်ပတ်သက်၍ ဘာမျှမပြောလို၊ ဘာမျှမလုပ်လို၊ တာဝန်လည်းမယူလို၊ Risk မယူလို၊ ဤနယ်ပယ်တွင် တစ်စုံတစ်ခုဖြစ်ခဲ့လျှင်လည်း ကျွန်တော့်ကိစ္စမဟုတ်၊ ကျွန်တော့်တာဝန်လည်းမဟုတ်၊ အစိုးရ၏တာဝန်သာဖြစ်သည်ဟုပြောနေခြင်းနှင့်အတူတူပင်ဖြစ်ပါသည်။ ဤသို့သောနိုင်ငံသားများကို စာရေးသူအနေနှင့် တာဝန်မဲ့နိုင်ငံသားများသာဖြစ်သည်ဟု ဆိုချင်သည်''

(စာ– ၁၅၂–၁၅၃)

ဤဆောင်းပါးလေးအားဖြင့် တိုင်းပြည်တိုးတက်မှုအတွက် တာဝန်အရှိဆုံးမှာ တိုင်းသူပြည်သားများသာဖြစ်ကြောင်း သိခွင့်ရလိုက်ပါတယ်။ နိုင်ငံသားတိုင်း လူမှုတာဝန်များကို အသီးသီးကျေပွန်မယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားထုတစ်ရပ်ဖြစ်လာနိုင်ပါတယ်။

## ပူးပေါင်းပါဝင်လုပ်ဆောင်သော အဖွဲ့နှင့် သမားရိုးကျအဖွဲ့

‘‘**ပေါင်း**ဆိုရင် ကောက်ညှင်း**ပေါင်း**တောင်မစားနဲ့’’ ဆိုပြီး ရှေးလူကြီးမိဘများက သတိပေးဖူးတာကိုကြားမိပါတယ်။ စုပေါင်းလုပ်ဆောင်ရာမှာ အခက်အခဲတွေသိပ်များလွန်းလို့လားတော့ မပြောတတ်ပါဘူး။ ဒီနေ့ခေတ် ဗဟုယဉ်ကျေးမှုထွန်းကားလာတဲ့အချိန်မှာ အဖွဲ့အစည်းတွေရဲ့သဘောထားခံယူချက်တွေဟာ အရင်လူ့အဖွဲ့အစည်းတွေရဲ့ တန်ဖိုးထားမှုတွေနဲ့ နှိုင်းယှဉ်စရာဖြစ်လာပြန်ပါတယ်။ ဒါတွေကိုကြည့်ပါ . . .

| ပူးပေါင်းပါဝင်သောအဖွဲ့အစည်း | သမားရိုးကျအဖွဲ့အစည်း |
|---|---|
| ၁။ တစ်ယောက်မကျန်ပါဝင်<br>(အပြောသက်သက်မဟုတ်) | ၁။ အမြန်ဆုံးတွေးခေါ်နိုင်သူနှင့်ပြောအားရှိသူသာ<br>အချိန်ပိုယူပြောဆိုပါဝင်သည်။ |
| ၂။ တစ်ဦးနှင့်တစ်ဦး တွေးခေါ်နိုင်ရန်<br>နေရာပေးဖော်ပြစေသည်။ | ၂။ တစ်ဦးနှင့်တစ်ဦး တစ်ယူသန်အစွဲဖြင့်ကြားဖြတ်<br>ပြောဆိုဖော်ပြကြသည်။ |
| ၃။ ကိုယ်နှင့်ဆန့်ကျင်ဖက်အမြင်ကို<br>လက်ခံသည်။ | ၃။ မတူညီရင်ပဋိပက္ခလို့သဘောထားသည်။ |
| ၄။ တစ်ဦးနှင့်တစ်ဦးမေးခွန်းများနှင့်<br>ထောက်ပံ့ (မင်းဆိုလိုတာဒါလား) | ၄။ မေးခွန်းမေးလာရင်စိန်ခေါ်တယ်လို့ထင်၊ မေး<br>လာသူကိုတစ်မျိုးထင်လာတယ်။ |
| ၅။ အဖွဲ့ဝင်များသည် အခြားလူ<br>ပြောနေချိန်တွင်အာရုံစိုက်ပေးသည်။ | ၅။ ပြောသူကပြောနေသော်လည်းစိတ်မဝင်စားသ<br>လိုနေတတ်သည်။ ဥပမာ–နာရီကြည့်နေခြင်း။ |
| ၆။ သူတစ်ပါး၏အတွေးအခေါ်ကို<br>နားထောင်ရန်ဆန္ဒရှိသည်။ မိမိ၏အတွေးအခေါ်<br>ကိုလည်း သူတစ်ပါးကိုကြားစေချင်သည်။ | ၆။ နားထောင်ဖို့နေနေသာသာ ကိုယ်ဘာပြောရမလဲ<br>ပြင်ဆင်နေတာနဲ့အချိန်ကုန်နေသည်။ |
| ၇။ အဖွဲ့ဝင်တိုင်းသဘောထားကွဲလွဲလျှင်<br>ကိုယ့်ရပ်တည်ချက်အရ စကားပြောပြီး<br>မိမိရပ်တည်မှုကိုလည်း မိမိသိသည်။ | ၇။ သဘောထားကွဲလွဲရင် ငြိမ်သက်နေ၊ ဘယ်သူ<br>ဘက်မှာရပ်တည်သလဲမသိနိုင်ပါ။ |
| ၈။ အားလုံးနဲ့သဘောထားကွဲလွဲပေမယ့်<br>ကိုယ့်ဆန္ဒတော့အနည်းဆုံးဖော်ပြခွင့်ရ။ | ၈။ ကိုယ့်ရဲ့အမြင်ကို အမှန်အတိုင်းဖော်ပြခွင့်မရ။ |
| ၉။ တစ်ဦးနှင့်တစ်ဦးနောက်ကျ၊ နောက်ကျန်<br>ကွယ်နေတာမျိုးရှောင်တတ်သည်။ | ၉။ ပြောခွင့်မရ၊ စည်းဝေးပြင်ပမှာပြော၊<br>နောက်ကွယ်မှာပြော။ |
| ၁၀။ ဦးဆောင်သူ၊ တာဝန်ခံသူမှမလက်ခံသည့်တိုင်<br>မိမိယုံကြည်ချက်အတိုင်းဆက်သွားဖို့ အားပေး။ | ၁၀။ လူနည်းစုအတွေးအခေါ်ကိုဖော်ထုတ်ဖို့ အားမပေးပါ။ |
| ၁၁။ ပြဿနာတစ်ခုကိုဘယ်လို ဘယ်အကြောင်းနဲ့<br>ဖြေရှင်းပြီး၊ အကျိုးဖြစ်နိုင်မယ်ဆိုတာ<br>ပါဝင်သူအားလုံးသိရှိ။ | ၁၁။ အမြန်ဆုံးတွေးခေါ်နိုင်သူတစ်ဦးက စတင်ဖြေရှင်းပြီး<br>နောက်လိုက်တွေက အဆင်သင့်လိုက်ရုံပင်<br>(ဘာမှနားမလည်၊ ဘာမှမသိ)။ |
| ၁၂။ အားလုံးသဘောတူဖြေရှင်းသည့်အချိန်တွင်၊<br>သူတို့ဆုံးဖြတ်ချက်များသည် အတိုင်းအတာ<br>တစ်ခုအတွင်းသာဖြစ်ကြောင်းယူဆသည်။ | ၁၂။ သဘောတူဆုံးဖြတ်ချက်ချရာတွင် အားလုံး<br>တူညီနေသည်ဟုလက်ခံသည်။ |

Ref: Facilitator's guide to participatory decision Making by Sam Kaner

**ရှာဖွေသူ–ကိုမောင်**



## ကိုယ်တိုင်သင်ယူခြင်းအတွက်




ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကိုယ်တိုင်ဖတ်ရှုလေ့လာနိုင်မယ့် စာအုပ်တစ်အုပ်ရှိပါတယ်။ မြန်မာလိုဘာသာပြန်ထားတဲ့ စာအုပ်လေးပါ။ ‘‘လူသာလျှင်ပဓာန’’ လို့ အမည်ရပါတယ်။ ခေါင်းစဉ်ငယ်လေးကိုတော့ ‘‘ကျေးလက်ဖွံ့ဖြိုးရေးလမ်းညွှန်’’ လို့ ဖော်ပြထားတယ်။ စာအုပ်ရဲ့ကျောဘက်မှာ ရေးထားတာကတော့ ‘‘ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း ဆိုသည်မှာ အဘယ်နည်းဟုသိလိုကြသူ၊ ဖွံ့ဖြိုးရေးလုပ်ငန်းလေ့လာနေသော ကျောင်းသားများအတွက်လည်း ယေဘုယျအားဖြင့် အမှန်တကယ်သင့်လျော်လှသည်’’။

ဒီစာအုပ်မှာ ဆင်းရဲခြင်းဆိုတာဘာလဲ၊ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ရာမှာ ကျင့်သုံးသင့်တဲ့နည်းလမ်း၊ ကိုယ်ထူကိုယ်ထဖွံ့ဖြိုးရေးကို ဘယ်လိုစတင်ကြမလဲဆိုတာတွေ ရိုးရှင်းစွာရေးသားထားပါတယ်။ စာမျက်နှာ (၁၄၅) ရှိပါတယ်။ ဖွံ့ဖြိုးရေးကို စိတ်ဝင်စားသူများအတွက် အကန့်အသတ်နဲ့သာ ထုတ်ဝေထားသောစာအုပ်ပါ၊ ဝယ်ယူချင်တယ်ဆိုရင်တော့ . . .

**အမှတ် (၂၁၉)၊**

**အောင်သုခလမ်း၊ (၉) မိုင်၊**

**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၆၆၃၀၉၁၊ ၆၆၇၆၂၅**

ကို ဆက်သွယ်ဝယ်ယူကြပါ။

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးအသားများ

လစဉ်ထုတ် မဂ္ဂဇင်းအချို့တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ရေးသားတင်ပြမှုများ ပါဝင်လာသည်ကို တွေ့ရပါသည်။ ချင်းတွင်းမဂ္ဂဇင်း၊ ၂၀၀၇ ဇန်နဝါရီလထုတ်တွင် စာရေးသူ 'ဂျူး'၏ 'မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအတွက် တစ်သီးပုဂ္ဂလလှုံ့ဆော်သူများ' ဆောင်းပါးကို ဖတ်ရပါသည်။

အရှေ့တောင်အာရှသည် ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းပေးဖို့ လက်ကျန်ဒေသတစ်ခုဖြစ်နေခဲ့ရာ စိုးရိမ်ပူပန်ကြသည်ကို လွန်သည်ဟုမဆိုသာပါ ဟုအစပျိုးပြီး ၂၀၀၀ ခုနှစ်လောက်မှစ၍ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်အရေးအသားများကို ပုံနှိပ်မီဒီယာများ၌ စတင်တွေ့ရှိလာရကြောင်း၊ စာရေးသူများအနေဖြင့် နေဝင်းမြင့်၊ နေဦးဝေ၊ ဘဆိုင် စသဖြင့်သဘာဝပတ်ဝန်းကျင်ရေးရာများကို အဓိကထား ရေးသားသူများလည်း တွေ့မြင်လာရကြောင်း၊ ထို့အပြင် သဘာဝကိုချစ်မြတ်နိုး၍ တစ်ဦးချင်း ကြိုးစားပြီးထိန်းသိမ်းကာကွယ်ရေးလုပ်နေကြသော လားရှိုးမြို့နယ် ကောင်းညောင်ရွာတွင် ရွာလူကြီးဟောင်းဦးဇော်အောင်မှဒေသခံများကို စည်းရုံးပြီး သစ်တောများကို ထိန်းသိမ်းခြင်းလုပ်နေကြောင်း၊ ချင်းပြည်နယ်တွင်လည်း ပညာတတ်လူငယ်ထျန်းအုန်ထန်မှ SALT ခေါ်စိုက်ပျိုးနည်းအားဖြင့် သဘာဝမပျက်စီးအောင် စည်းရုံးဆောင်ရွက်နေကြောင်းနှင့် သဘာဝပတ်ဝန်းကျင်စာရေးဆရာဂျာနယ်လစ်များကြုံတွေ့နေရသည့်အခက်အခဲကိုလည်း ဖော်ပြထားပါသည်။ ထိုအခက်အခဲမှာ လေ့လာကိုးကားစရာစာရွက်စာတမ်းများ၊ ပညာရှင်များနှင့် အလှမ်းဝေးနေခြင်းတို့ဖြစ်ကြောင်း ရေးသားထားပါသည်။ စာရေးသူ 'ဂျူး'က 'စာအုပ်စာပေ၏ အကျိုးသက်ရောက်မှုမှာ တိုင်းတာတွက်ချက်ပြရန် အလွန်ခက်ခဲလှသော်လည်း တစ်ဦးချင်းတုံ့ပြန်မှုများကိုကြည့်လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာများမှာ တစ်စုံတစ်ခုသောကောင်းကျိုးသက်ရောက်မှုပေးသည်ကို သိမြင်နိုင်ပါသည်' ဟုအဆုံးသတ်ပိုင်း၌ ရေးသားထားသည်ကို ဖတ်ရှုခွင့်ရလိုက်ပါသည်။ ထိုချင်းတွင်းမဂ္ဂဇင်း၌ပင် ဂေဟဗေဒဆောင်းပါးများပါရှိပါသေးသည်။ စာရေးသူ ခင်မြဇင်၏ 'ဒဏ်ရာရမြစ်တစ်စင်းဆီသို့'၊ မြင့်သန်း၏ 'ကျောက်ခေတ်သို့အပြန်'၊ ကိုတာ၏ 'ကျွန်ုပ်တို့၏ဂြိုလ်ပြာကြီး' တို့ဖြစ်ကြပါသည်။



## အသုံးချမှတ်စု

### တမာခါး၏အစွမ်း

လွန်ခဲ့သောလများ၌ ရေးသားဖော်ပြခဲ့ကြသောစာနယ်ဇင်းများတွင် မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ကောင်းကျိုးထက်ဆိုးကျိုးရှိကြောင်း အသားပေးဖော်ပြထားသည်ကို တွေ့ရပါသည်။ ဒေသခံတောင်သူလယ်သမားများထံမှလည်း ယင်းဆိုးကျိုး၏သတင်းများသာမက တစ်ကြိမ်တစ်ခါမျှကြုံတွေ့ဖူးခြင်းမရှိသော စိုက်ပျိုးရေးဆိုင်ရာအခက်အခဲပြဿနာများ မိမိတို့၏လယ်ယာမြေများတွင် ဖြစ်ပေါ်လာကြောင်း ဖွင့်ဟပြောကြသည်ကိုလည်းကြားရပါသည်။

ဟင်းသီးဟင်းရွက်များနှင့် သီးပင်စားပင်များကို ဖျက်ဆီးသောပိုးများအား မြန်မာ့ဘယဆေးက ဖယ်ရှားပစ်နိုင်ကြောင်းကို ဤနေရာတွင် ဝေငှလိုပါသည်။ ဘယဆေးများ အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သည်သာမက မိမိတို့၏ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ စားသုံးသူများအတွက်လည်း အန္တရာယ်ကင်းသောနည်းဖြစ်ပေသည်။ အဓိကအသုံးဝင်သော ဘယဆေးပင်များမှာ တမာခါး၊ လယ်ကညွတ်ပင်နှင့် စပါးလင်ကြီးပင်တို့ ဖြစ်ပါသည်။

တမာခါးကို အမှုန့်ကြိတ်၍ကြဲခြင်းဖြင့် စပါးပင်ကိုဖျက်သော လောက်ကောင်၊ ခူကောင်နှင့် ပိုးဖလံကောင်များကို ကာကွယ်နိုင်ပါသည်။ တမာခါးအသီး (၂၀)ကီလိုဂရမ်ကို လယ်တစ်ကွက်အကျယ် (၁၆၀၀ စတုရန်းမီတာ) အထိ ကြဲနိုင်ပါသည်။ တမာခါးအသီး အစား အရွက်ကိုလည်းအသုံးပြုနိုင်ပြီး နှစ်ဆတိုး၍ အသုံးပြုရပါမည်။

> **အသုံးပြုပုံ**
>
> လယ်ကွက်အတွင်း ရေငြိမ်အောင် ပိတ်ပြီးကြဲရမည်။ စပါးစိုက်ပြီးချိန်နှင့် ရိတ်ပြီး ချိန်အတွင်း တစ်ကြိမ်မှနှစ်ကြိမ်ကြဲပေးရမည်။ ပထမအကြိမ်ကို စပါးအသက် (၂၀–၃၀) ရက်၊ ဒုတိယအကြိမ်ကို စပါးအသက် (၄၅–၆၀) ရက်ရှိသောအချိန်တွင် ကြဲပေးရမည်။

### ဟင်းရွက်စိုက်ခင်းတွင်အသုံးပြုပုံ

(၁) ဘယဆေးပင်များကို ဟင်းသီးဟင်းရွက်များဖြင့်ရောနှောစိုက်ခြင်းဖြင့် ဘယဆေးပင်များမှထွက်သောအနံ့များက ပိုးမွှားများကို မောင်းထုတ်ပေးသည်။ ဥပမာ မုံလာပန်းဖြူ၊ မုံလာပန်းစိမ်း၊ ရွက်စားမုံလာ၊ မုံညှင်းဖြူ၊ မုံလာဥ စသည့်စိုက်ခင်းများတွင် ကြက်သွန်မိတ်ကို ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဖျက်တတ်သော လောက်ကောင်၊ ခူကောင်နှင့် လေးကောင်များမှ ကာကွယ်နိုင်သည်။

ကြက်သွန်မိတ်ကို ဦးစွာစိုက်ပါ။ ထို့နောက် အဓိကဟင်းသီးဟင်းရွက်မျိုးစေ့ကိုချပါ။ ဟင်းသီးဟင်းရွက်ပင် (၄–၅) စင်တီမီတာခန့်မြင့်သောအခါ သင့်တော်သောနေရာတွင် ရွှေ့စိုက်ပါ။

နံနံမိတ်ကိုလည်း ဟင်းသီးဟင်းရွက်ခင်းများတွင် ကြဲချစိုက်ပျိုးခြင်းဖြင့်လည်း ရွက်စားမုံလာ၊ တရုတ်ကန်စွန်း၊ မုံညှင်းဖြူ၊ မုံညှင်းထုပ်စိမ်း၊ မုံလာဥဖြူ၏အပင်တို့ကို ဖျက်သောပိုးများ၏ရန်မှ ကာကွယ်ပေးနိုင်ပါသည်။ ထိုနည်းတူ ကြက်သွန်ခင်း၊ ခဝဲခင်းနှင့် ပဲခင်းများတွင် နံနံပင်စိုက်ခြင်းဖြင့် ရောဂါပိုးအန္တရာယ်ကို ကာကွယ်နိုင်ပါသည်။

(၂) စိုက်ခင်းပတ်လည်တွင် စပါးလင်ကြီး၊ ပင်စိမ်းပင်၊ ပင်စိမ်းနက်၊ ပတဲကောစသောဆေးဘက်ဝင်အပင်များကို စိုက်ပျိုးခြင်းအားဖြင့် ဟင်းသီးဟင်းရွက်များကို ဖျက်ဆီးနိုင်သည့် ပိုးမွှားအန္တရာယ်များကို ကာကွယ်ပေးနိုင်သည်။

(၃) ဘယဆေးကိုကျင်းအောက်တွင်ခင်းခြင်း

အမျိုးအစားနှင့် အသုံးပြုသည့် ပမာဏ– တစ်မီတာအကျယ်ရှိသော စိုက်ခင်းဘောင်အတွက် တမာခါးအစေ့ခြောက်ကြိတ်ပြီး (၅၀) ဂရမ် သို့မဟုတ် တစ်ကျင်းလျှင် (၃၀–၅၀) ဂရမ် သို့မဟုတ် တမာခါးရွက်စိမ်း (၁၀၀) ဂရမ် သို့မဟုတ် တစ်ကျင်းလျှင် (၆၀–၁၀၀) ဂရမ် သို့မဟုတ် တမာလွှာစာမှုန့်အခြောက် (၁၀၀) ဂရမ် သို့မဟုတ် တစ်ကျင်းလျှင် (၆၀–၁၀၀) ဂရမ်။

### အသုံးပြုနည်း

ဟင်းရွက်မစိုက်မီ သို့မဟုတ် မျိုးစေ့မချမီ ကျင်းအောက်တွင်ဦးစွာခင်းပါ။ လေးဥများ တီကောင်မွှားများ၊ အပင်ဆွေးပုပ်စေသည့် မှိုများ၏ရန်မှ ဟင်းရွက်ပင်များကို ကာကွယ်ပေးလိမ့်မည်။

တမာခါးဖြင့် ထိန်းချုပ်နိုင်သောဟင်းရွက်ဖျက်ပိုးများ (၁) ပဲစိမ်းဖျက်ပိုး (၂) ကြက်သွန်ပင်စားပိုး (၃) ဟင်းရွက်စားပိုး (၄) ကြက်သွန်မိတ်စားပိုး။

***သဘာဝချစ်သူ***





ကျေးလက်လူထုလိုအပ်ချက်ကို တိုက်ရိုက်အကျိုးပြုပြီး၊ စည်းရုံးစွာဖြင့် စုပေါင်းလုပ်ဆောင်မှု၊ မိမိတို့ကိုယ်တိုင် လိုလားနှစ်ခြိုက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လူထု၏ဆန္ဒအရ ရွေးချယ်၍ စတင်လုပ်ဆောင်မှု၊ လူ့စွမ်းရည်မြှင့်တင်တည်ဆောက်ခြင်း၊ အပြန်အလှန် သင်ယူသင်ကြားမှု၊ ခံယူချက်ခိုင်မာစွာဖြင့် တာဝန်ယူလုပ်ဆောင်မှု၊ ကြိုးစားအားထုတ်မှုနှင့် အကျင့်စရိုက်များ ပြောင်းလဲမှု၊ ရေရှည်တည်တံ့အောင် စနစ်တကျလုပ်ဆောင်မှု၊ ဒေသခံလူထု၏ ဓလေ့ထုံးစံယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားမှု စသည့်အချက်များကို အခြေခံ၍ ကျေးလက်လူထုများ တိုးတက်လာအောင် ဆောင်ရွက်ခြင်းဟု လူမှုဖွံ့ဖြိုးရေးကိုအဓိပ္ပာယ် ဖွင့်ဆိုကြကြောင်း မှတ်သားရပါတယ်။

### စည်းရုံးနိုးဆော်ခြင်း ဆိုရာဝယ်

- မိမိတို့ကိုယ်တိုင် လိုလားနှစ်ခြိုက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း
- တာဝန်ယူလုပ်ဆောင်မည့် အဖွဲ့များစနစ်တကျဖွဲ့စည်းခြင်း
- လူ့စွမ်းရည်မြှင့်တင်တည်ဆောက်ခြင်း
- လူသားအရင်းအမြစ်များ၊ နည်းစနစ်များ၊ ပညာရပ်များ၊ ရန်ပုံငွေများရှာဖွေ တည်ဆောက်ခြင်း
- အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းနှင့်ပေါင်းစုအားဖန်တီးခြင်း
- သာတူညီမျှမှုရှိခြင်း စသည့်အချက်များကို စုပေါင်း၍ ခေါ်ဆိုကြောင်း မှတ်သားရပါသည်။

### Rule of Brain Storming (လျှပ်တပြက်အကြံထုတ်ခြင်း)

- Quantity rather than Quality
- No criticism, no evaluation
- Accept opposing ideas
- Piggyback or build on other's ideas

***Shing Maung Kee***

## အမေရိကန်နွားသိုးကြီးရဲ့ပြောချလိုက်ပုံကတော့

တစ်ခါတော့ ရွာကလေးတစ်ရွာမှာ ပြည်ပ NGO ကြီးတစ်ခုရဲ့ အစီအစဉ်နဲ့ ပြည်ပကလာတဲ့ အမေရိကန်နွားသိုးကြီးနဲ့ ဒေသခံနွားမလေးတို့ရဲ့ ရွှေလက်ဆက်ပွဲကို ကျင်းပကြသတဲ့။ လာရောက်အားပေးလိုက်ကြတဲ့ လူတွေဆိုတာ အုံးအုံးကြွက်ကြွက်ပဲတဲ့။ အားလုံးရဲ့ စိတ်ထဲမှာ စပ်စပ်စုစုနဲ့ ကြည့်ချင်ပွဲ ဖြစ်နေတော့တာပေါ့။ သူတို့စိတ်ထဲမှာ မွေးလာမယ့် နွားပေါက်ကလေးကို စိတ်ထဲမှန်းဆကြည့်နေကြတယ်။ သိပ်ကို ချောမောလှပပြီး၊ သိပ်လည်း နို့ထွက်ကောင်းမယ့် နွားမျိုးတစ်မျိုး အဖြစ်နဲ့ပေါ့။ စီစဉ်သူတွေကလည်း မွေးလာမယ့် နွားဟာ တစ်နေ့ကို နွားနို့ခြောက်ပိဿာထွက်မယ်လို့လည်း အာမခံထားတာလေ။

အချိန်တန်တော့ အမေရိကန်ဆရာကြီးက သူ့နွားသိုးကြီးကိုပွဲထုတ်ဖို့ အမေရိကန်လို ခေါ်ပါတယ်။ ဒေသခံနွားမလေးခမျာမတော့ ရှက်ပြုံးလေးနဲ့ ခေါင်းငုံ့နေတာပေါ့။ နွားသိုးကြီးက သူ့ခြံထဲက ထွက်မလာပါဘူး။ အမေရိကန်ဆရာကြီးခမျာ တကယ့်အရေးအကြောင်းကျမှ သူ့ကောင်ကြီး ပေကပ်ကပ်လုပ်နေလို့ ဇောချွေးပျံနေတော့တာပေါ့။ ဘယ်လိုမှခေါ်ထုတ်လို့မရတဲ့အခါ ဒေသခံတစ်ယောက်က သူတို့ရွာမှာ နွားစကားတတ်တဲ့ လူတစ်ယောက်ရှိကြောင်း၊ သူ့ကိုခေါ်ပြီး အကူအညီတောင်းဖို့ အကြံပေးလာပါတယ်။ အမေရိကန်ဆရာကြီးကလည်း သူ့နွားက အမေရိကန်က လာတဲ့နွားဖြစ်လို့ အမေရိကန်စကားသာ နားလည်ကြောင်းပြန်ပြောပါတယ်။ ဒေသခံကလည်း သူပြောတဲ့ လူဟာ ဘယ်နွားစကားမဆို နားလည်ကြောင်းပြန်ပြောပါတယ်။ ဒါပေမယ့် အမေရိကန်ကြီးကတော့ ခေါင်းမာမာနဲ့ ဆက်ကြိုးစားပါတယ်။ နွားသိုးကြီးကတော့ ထွက်မလာဘဲခေါင်းကိုသာ တွင်တွင်ခါနေတယ်။ ဘယ်လိုမှလုပ်မရတဲ့အဆုံးမှာတော့ ဒေသခံပြောတဲ့ နွားစကားနားလည်တဲ့လူကိုခေါ်ရပါတော့တယ်။ နွားစကားနားလည်တဲ့လူရောက်လာတော့ နွားစကားနဲ့ အမေရိကန်နွားသိုးကြီးကိုခေါ်ပါတယ်။ နွားသိုးကြီးက ခေါင်းတစ်ခါခါ၊ လည်တစ်ခါခါသာလုပ်ပြီး လုံးဝထွက်မလာပါဘူး။ နွားစကားနဲ့ အပြန်အလှန်ပြောနေတာတွေ့တော့ အမေရိကန်ကြီးက ဘာတွေပြောနေတာတုန်းလို့ မေးပါတယ်။ နွားစကားနားလည်တဲ့လူ ပြန်ပြောတဲ့စကားကြောင့် အမေရိကန်ဆရာကြီးခမျာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသတဲ့။

"ခင်ဗျားကောင်ကြီးက ပြောသဗျ။ သူဒီကိုလာတာ အကြံပေးဖို့သက်သက်ပဲ။ အလုပ်လုပ်ဖို့ မဟုတ်ဘူးတဲ့"

စဉ်းစားပြီးပြုံးနိုင်ကြပါစေ...

***ကိုတုတ်ကြီး***





## မြေဆီလွှာဆိုသည်မှာ

တန်ဖိုးအရှိဆုံးမြေဆီလွှာများသည် နှစ်စဉ်တန်ချိန်သန်းပေါင်းထောင်နှင့်ချီ၍ ကွယ်ပျောက်နေကြရသည်။ ထိုသို့ဖြစ်လာရခြင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ ခေတ်မီနည်းပညာများအသုံးပြုခြင်းများကြောင့် ဖြစ်ပါသည်။ (ဥပမာ–ဓာတုဆေးဝါး)။ သစ်တောများကို အလွန် အကျွံခုတ်လှဲခြင်းကြောင့်လည်းဖြစ်သည်။ သစ်တောများပျောက်ကွယ်သွားသည်နှင့် သန်းပေါင်းများစွာသော မျိုးစိတ်များ၊ မျိုးရင်းဇာတိများ ထာဝစဉ်ပျောက်ကွယ်သွားကြပါသည်။

အပူပိုင်းဒေသတွင် မြေဆီလွှာကောင်းမွန်သည့်မြေနှစ်ကော၌ ခြ၊ ကင်းခြေများ တီကောင်များနှင့် သေးငယ်လှသည်းကျောရိုးမဲ့ အင်းဆက်သက်ရှိများ အနည်းဆုံးသန်း (၃၀၀) ခန့်ပါဝင်ပါသည်။ အနုဇီဝသက်ရှိများမှာမူ မြေအလေးချိန် (၃၀) ဂရမ်တွင် တစ်မျိုးတည်းသော ဘက်တီးရီးယား (၁) သန်းခန့်ပါဝင်ပြီး ယစ်ဆဲစ် (၁) သိန်းနှင့် (၅) သောင်းခန့်သော မှိုများပါဝင်သည်။ ဤကဲ့သို့ အနုဇီဝသက်ရှိများကြောင့်မဟုတ်ပါက မြေဆီလွှာသည် အပင်တို့လိုအပ်သည့် နိုက်ထရိုဂျင်၊ ဖော့စပရပ်နှင့် ဆာလ်ဖာတို့ကို ပြောင်းလဲပေးနိုင်မည်မဟုတ်ပါ။

မြေဆီလွှာတည်ဆောက်ပုံစနစ်သည် လွန်စွာနှေးကွေးလှပါသည်။ အကောင်းဆုံးအခြေအနေတွင် အနည်အနှစ်စုပုံမှုမြန်သည်ဆိုကာမူ မြေဆီလွှာအထူ (၃၀) စင်တီမီတာရရှိရန် နှစ်ပေါင်း (၅၀) အချိန်ယူရပါသည်။ ကျောက်လွှာရှိသည့်နေရာတွင်မူ တစ်စင်တီမီတာအထူ မြေဆီလွှာရရှိရန် အနှစ် (၁၀၀) မှ (၁၀၀၀) ခန့်အထိ အချိန်ယူရမည်ဖြစ်ပါသည်။

***ကိုပီတိ***

### ဖွံ့ဖြိုးရေးဆိုသည်မှာ

အပေါင်းလက္ခဏာဆောင်သော တိုးတက်ပြောင်းလဲခြင်းကို ဖွံ့ဖြိုးရေးလို့အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ (Physical, Human and Freedom)

**Shing Maung Kee**

## ပလပ်စတစ်စွန့်ပစ်မှု ဂေဟာစနစ်ကို ထိခိုက်နိုင်

ကြွပ်ကြွပ်အိတ်ကို လူအတော်များများရင်းနှီးကြမှာပါ။ အရောင်စုံအရွယ်စုံကို ဈေးဆိုင်နဲ့ စားသောက်ဆိုင်တို့မှာ အသုံးများကြပါတယ်။ ဈေးပေါတယ်၊ ခိုင်တယ်၊ အလွယ်တကူရနိုင်တယ်ဆိုလို့ သဘောကျကြရင်းကနေ အသုံးများလာခဲ့ရပါတယ်။ အခုတော့ ကြွပ်ကြွပ်အိတ်ရဲ့ ဆိုးကျိုးတွေကိုသိလာကြပြီး သတိထားသုံးကြဖို့ စွန့်ပစ်ရင်လည်းသတိနဲ့စွန့်ပစ်ဖို့ စာနယ်ဇင်းတွေမှာ ဖော်ပြရေးသားလာကြပါတယ်။

> **ဈေးပေါတယ်၊ ခိုင်တယ်၊**
> **အလွယ်တကူ**
> **ရနိုင်တယ်ဆိုလို**
> **သဘောကျကြရင်းကနေ . . .**

ကြွပ်ကြွပ်အိတ်ရဲ့ဒုက္ခကတော့တကယ်ကိုကြီးပါတယ်၊ လူတွေကိုရော၊ သတ္တဝါတွေကိုရော၊ သဘာဝပတ်ဝန်းကျင်ကိုရော ပြင်းပြင်းထန်ထန်ဆိုးကျိုးသက်ရောက်စေနေပါတယ်။

ကြွပ်ကြွပ်အိတ်ကို မြေကြီးပေါ်မှာ စွန့်ပစ်ရင် မြေဆွေးမဖြစ်သွားဘူး၊ မြေပြင်ပေါ်မှာ ကပ်နေတဲ့အတွက် အပင်တွေပေါက်ဖို့ ခက်သွားတယ်။ ကျင်းတူးပြီးမြှုပ်ရင်လည်း မြေအောက်ရေကို ညစ်ညမ်းစေတယ်။ ရေထဲကိုစွန့်ပစ်ရင်လည်း ရေကိုအိမ်လုပ်ပြီးနေတဲ့ ငါးမျိုးစုံ၊ ရေသတ္တဝါမျိုးစုံတို့ အသက်အန္တရာယ် တောင်ကြုံနေကြရပါတယ်။ ပလပ်စတစ်ကို စားမိပြီး သေဆုံးသွားရတဲ့ မိချောင်း တစ်ကောင်အကြောင်း ကုမုဒြာဂျာနယ် (၂-၂-၂၀၀၇) ထုတ်မှာ ဖော်ပြထားတာဖတ်ရပါတယ်။ မီးရှို့ရင်လည်း အိုဇုန်းလွှာကို ထိခိုက်စေနိုင်တယ်။ မြို့ကြီးတွေမှာဆိုရင် ရေမြောင်းတွေထဲ ပစ်ချကြလို့ မြောင်းတွေပိတ်ဆို့ကုန်တယ်။ မိုးတွင်းမှာ ရေစီးရေလာမကောင်းလို့ ရေတွေလမ်းပေါ်လျှံလာတယ်။ ရောဂါဖြစ်ပွားဖို့လည်း အားပေးနေသလို ဖြစ်ပြန်တယ်။

ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်၊ ရွာဝန်းကျင်၊ မြို့ရဲ့ပတ်ဝန်းကျင်အလှတွေကို တဖြည်းဖြည်းနဲ့ ကြွပ်ကြွပ်အိတ်တွေက ဖုံးလွှမ်းဖျက်ဆီးလာတာ သတိပြုမိကြပါရဲ့လား။ သက်ဆိုင်ရာအစိုးရဌာနများကလည်း သတိပေးခြင်းများပြုလုပ်နေသလို မိမိကိုယ်တိုင်လည်း တစ်ပိုင်တစ်နိုင် ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးကို အာရုံစိုက်ဖို့လိုပါလိမ့်မယ်။ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ပိုးတဲ့အစားအစာတွေကို ရေရှည်စားသုံးခြင်းအားဖြင့် ရောဂါရနိုင်ကြောင်းတင်ပြရင်း ကြွပ်ကြွပ်အိတ်အရေး အလေးထားစဉ်းစားကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

***ALE***



## ယုံကြည်ခြင်းဆိုင်ရာအတွေးမှတ်စု

ဖွံ့ဖြိုးရေးဆိုတာ. . . . .

ငွေကြေးပစ္စည်းဥစ္စာအားဖြင့် ကြွယ်ဝချမ်းသာခြင်းမဟုတ်။ လူသားများ၏ စိတ်နေသဘောထားဖွံ့ဖြိုးမှု၊ သစ္စာသမာဓိရှိမှု (integrity) သာလျှင်ဖြစ်သည်။

***သိက္ခာတော်ရ ဒေါက်တာဆိုင်မွန်ပေါင်ခန့်အင်း***

(ခရစ်ယာန်သာသနာနှင့် လူမှုဖွံ့ဖြိုးရေး–မှ)

### ဗုဒ္ဓအမြင်ဖွံ့ဖြိုးရေး

(၁) ကာယ – ခန္ဓာကျန်းမာရန်
(၂) စိတ် – ကောင်းသောစိတ် လောဘ၊ ဒေါသ၊ မောဟကင်းစင်သော
(၃) သီလ – ကောင်းသောအမူအရာများကိုကျင့်ကြပါ၊ အလေ့အကျင့်ဖြစ်အောင်လုပ်ပါ။

ကာယ၊ စိတ်၊ သီလတို့ မျှတစွာနေထိုင်နိုင်ရန်အတွက် ပညာလိုပါသည်။ ထိုပညာသည် အတတ်ပညာကိုဆိုလိုခြင်းမဟုတ်ပါ။ ပတ်ဝန်းကျင်နှင့်ဆက်စပ်ပြီး သိသောပညာဖြစ်ရမည် (Wisdom)။

ကိုယ်ကျင့်တရားဖွံ့ဖြိုးလာသောအခါ လူမှုရေးတရားမျှတခြင်းသည်လည်း ဖွံ့ဖြိုးလာပါသည်။ ထိုကဲ့သို့ဖြစ်ရန်အတွက် တစ်ယောက်စီတိုင်း၏ ကိုယ်ကျင့်တရားနှင့်သက်ဆိုင်နေပါသည်။ မိမိက စတင်၍ထိန်းပါမှ လူမှုရေးတရားမျှတမှုကို ရနိုင်ပါမည်။

မိမိကိုယ်ကို ဝေဖန်သုံးသပ်ရန်လည်းလိုသည်။ ထိုသို့သုံးသပ်ရာတွင် ''ငါ''ဆိုသည့် စိတ်ဖြင့်မဟုတ်ပဲ ပတ်ဝန်းကျင်ကိုကြည့်ရန်လိုပါသည်။ သက်ရှိသက်မဲ့အားလုံးပါဝင်သော ပတ်ဝန်းကျင်ကို ဆိုလိုပါသည်။ သို့မှသာ သီလကိုဆောက်တည်နိုင်ပါလိမ့်မည်။ ဥရောပဒေသနှင့် အာရှဒေသတို့၏ ဖွံ့ဖြိုးရေးကိုမြင်ပုံမတူကြပါ။ ဗုဒ္ဓဘာသာဝင်များနေထိုင်သော နိုင်ငံများသည် ပေးကမ်းစွန့်ကြဲလှူဒါန်းတတ်သည့် စိတ်ဓာတ်ရှိကြသည်။ ထို့ကြောင့် လူတစ်ဦးအနေဖြင့် နေနိုင်၊ စားနိုင်ခြင်း၊ ဝေမျှခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ တစ်ဦးကိုတစ်ဦး မေတ္တာပြနိုင်ခြင်းနှင့် ကိုယ်ချင်းစာတတ်ခြင်းတို့သည် ဖွံ့ဖြိုးသောလက္ခဏာများဖြစ်ကြပါသည်။

ဥရောပဒေသမှ နိုင်ငံများမှာမူ ရုပ်ဝတ္ထုပစ္စည်းများဖွံ့ဖြိုးခြင်း၊ တစ်ဦးချင်း၏ ဝင်ငွေတိုးမြှင့်ခြင်းကိုတိုင်းထွာ၍ ဖွံ့ဖြိုးခြင်းကိုဆုံးဖြတ်ကြပါသည်။

***ဝါရင့်ဖွံ့ဖြိုးရေးလုပ်သားတစ်ဦး***